## ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ

ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်။
(၁၉၇၃ ခုနှစ်၊ ဇွန်လ ၂၉ ရက်။)

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကြေညာသည်။

## ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေကိုပြင်သည့်ဥပဒေ

[၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၄။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီသည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေကို ပြင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၁၄ နှင့် ၁၅ တို့ကို ပယ်ဖျက်ရမည်။

၃။ ။ဤဥပဒေ စတင်အာဏာတည်အံ့ဆဲဆဲ ကာလ၌၊ တရားရုံးချုပ်၊ မူလဘက် ဌာနခွဲ (၁)တွင် မပြီးပြတ်သေးသည့် သာမန်တရားမ မူလစီရင်ပိုင်ခွင့်အတွင်း ကျရောက်သော မှုခင်းအားလုံးကို၊ ရန်ကုန်တိုင်း၊ တိုင်းပြည်သူ့ တရားရုံးသို့ လွှဲပြောင်းပေးပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

ဦးနေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်။
(၁၉၇၃ ခုနှစ်၊ ဇွန်လ ၂၉ ရက်။)

အမိန့်အရ၊
(ပုံ) ဒုတိယ ဗိုလ်မှူးကြီး မြကျော်၊
အတွင်းရေးမှူး၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။